Display Only

ရွေးကောက်ပွဲနှင့် မသန်စွမ်းသူများဆိုင်ရာ
အသိပညာပေး လက်စွဲစာအုပ်

# Disability Inclusive Election Booklet

# ရွေးကောက်ပွဲနှင့် မသန်စွမ်းသူများဆိုင်ရာ အသိပညာပေး လက်စွဲစာအုပ်

# Disability Inclusive Election Booklet

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | နိဒါန်း | ၁ |
| ၂။ | မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာကုလသမဂ္ဂသဘောတူစာချုပ်ပါ မသန်စွမ်းသူများ၏ နိုင်ငံရေးနှင့်ပြည်သူ့ရေးရာနယ်ပယ်များတွင် ပါဝင်ဆောင်ရွက်ခြင်းဆိုင်ရာ အခွင့်အရေးများ | ၄ |
| ၃။ | အာဆီယံမသန်စွမ်းသူများဆိုင်ရာဆယ်စုနှစ်လုပ်ငန်းစဉ်နှင့် ဘာလီကြေညာချက်ပါမသန်စွမ်းသူများ၏နိုင်ငံ့အရေးအရာများတွင် ပါဝင်ဆောင်ရွက်ခွင့်ဆိုင်ရာ အခွင့်အရေးများ | ၅ |
| ၄။ | မြန်မာနိုင်ငံရွေးကောက်ပွဲဥပဒေပါကြိုတင်မဲနှင့်မသန်စွမ်းသူများ | ၆ |
| ၅။ | နိုင်ငံ၏ရွေးကောက်ပွဲများတွင်မသန်စွမ်းသူများကြုံတွေ့နေရသော အခက်အခဲနှင့်အတားအဆီးများ | ၇ |
| ၆။ | မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့မှ ကျင်းပပြုလုပ်သော မသန်စွမ်းသူများ၏နိုင်ငံသားအခွင့်အရေးနှင့်ရွေးကောက်ပွဲအခွင့်အရေး များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများမှတ်တမ်းအကျဉ်းဖော်ပြချက် | ၁၂ |

## နိဒါန်း

မြန်မာနိုင်ငံသည်အရှေ့တောင်အာရှနိုင်ငံများအသင်း အာဆီယံတွင်ကျွန်းစုများ စုပေါင်းထားသောအင်ဒိုနီးရှားနိုင်ငံပြီးလျှင် ဒုတိယမြောက်နယ်မြေဧရိယာအကြီးမားဆုံး ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခု ဖြစ်ပါသည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသောတိုင်းရင်းသားလူမျိုးများ စုပေါင်းမှီတင်းနေထိုင်ကြပြီး နိုင်ငံလူဦးရေမှာစုစုပေါင်း သန်း ၆၀-ခန့် ရှိပါသည်။ ယင်း သန်း-၆၀ ခန့်သောလူဦးရေတွင် ကလေးသူငယ်များ ပါဝင်သလို လူငယ်၊ လူလတ်များနှင့်သက်ကြီးရွယ်အိုများလည်း ပါဝင်ပါသည်။ အမျိုးသား များပါဝင်သလို အမျိုးသမီးများလည်း ပါဝင်ပါသည်။ အသားအရေဖြူသူများ ပါဝင်သလို အသားအရေညိုသူများနှင့်အသားအရေမဲသူများလည်း ပါဝင်နေပါသည်။ ညာလက်သန်သူ များ ပါဝင်သလို ဘယ်လက်သန်သူများလည်း ပါဝင်ပါသည်။ အရပ်ရှည်သူများ ပါဝင် သလို အရပ်ပုသူများလည်း ပါဝင်ပါသည်။ ထိုနည်းတူသန်စွမ်းသူများ ပါဝင်သလို မသန်စွမ်းသူများလည်း ပါဝင်နေပါသည်။

နာဂစ်မုန်တိုင်းအပြီး ၂၀၀၉-၂၀၁၀ တွင်နိုင်ငံတော်၊ လူမှုဝန်ထမ်းဝန်ကြီးဌာနမှ ကောက်ယူခဲ့သော နမူနာစစ်တမ်းအရ မြန်မာနိုင်ငံလူဦးရေ၏ ၂.၃ ရာခိုင်နှုန်း (တစ်နည်း အားဖြင့် ၁၃-သိန်းခန့်) သည် မသန်စွမ်းသူများဖြစ်ကြသည်ကို တွေ့ရပါသည်။ သို့သော် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ၂၀၁၁ ခုနှစ်၊ ဇွန်လထုတ်ပြန်ကြေညာချက်အရ ကမ္ဘာ့ လူဦးရေ၏ ၁၅ ရာခိုင်နှုန်းသည်တနည်းမဟုတ်တနည်း မသန်စွမ်းသူများဖြစ်သည်ဟု ဆိုပါသည်။ ယင်းရာခိုင်နှုန်းကို ကိုးကား၍ တွက်ချက်မည်ဆိုလျှင် မြန်မာနိုင်ငံလူဦးရေ ၏ ၉-သန်းခန့်သည် တနည်းမဟုတ်တနည်း မသန်စွမ်းသူများဖြစ်မည်ဟု ဆိုနိုင်ပါသည်။

မြန်မာနိုင်ငံတွင်ကိုယ်အင်္ဂါချို့ယွင်းအားနည်းသူ၊ အမြင်အာရုံချို့ယွင်းအားနည်းသူ၊ အပြော/အကြားအာရုံချို့ယွင်းအားနည်းသူ၊ ဉာဏ်ရည်ချို့ယွင်းအားနည်းသူများကို မသန်စွမ်း သူဟု ယေဘုယျသတ်မှတ်ထားပြီး ကမ္ဘာတွင်တော့ ယင်းအမျိုးအစားလေးမျိုးအပြင် လူ့အဖွဲ့အစည်း၏တစ်နည်းမဟုတ်တနည်း ခွဲခြားဆက်ဆံမှုကိုခံကြရသောလူပုလေးများ၊ နှလုံးရောဂါခံစားနေရသူများ၊ ကင်ဆာရောဂါခံစားနေရသူများ၊ နာတာရှည်ရောဂါ ခံစားနေရသူများ။ အေအိုင်ဒီအက်စ်ရောဂါဝေဒနာခံစားနေရသူများနှင့် ခိုကိုးရာမဲ့ သက်ကြီး ရွယ်အိုများကိုပါ မသန်စွမ်းသူများစာရင်းတွင်ထည့်သွင်းလက်ခံထားသည်ကို တွေ့ရှိရပါသည်။

မည်သို့ပင်ဆိုစေကာမူ မသန်စွမ်းသူများသည်ရခဲလှသော လူ့ဘဝကို တန်ဖိုးရှိသော အသက်တစ်ချောင်းဖြင့် ရရှိလာသည့်လူသားများပင်ဖြစ်ပါသည်။ တနည်းအားဖြင့် ကျွန်ုပ်တို့ လူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။

ပြောင်းလဲတိုးတက်လာသော ယနေ့ခေတ်တွင်အသားမဲခြင်း၊ ဆင်းရဲခြင်း၊ ပညာမတတ်ခြင်း၊ အမျိုးသမီးဖြစ်ခြင်း၊ မသန်စွမ်းဖြစ်ခြင်း စသည့်ပုံသဏ္ဌာန်၊ အနေအထားမတူညီမှုများကို အကြောင်းပြုပြီး ဘေးဖယ်၊ ခွဲခြား၊ လျစ်လျူရှုမှုများ မပြုလုပ်ကြတော့ပဲ လူသားအားလုံး (တစ်နည်းအားဖြင့် နိုင်ငံသားအားလုံး) ပါဝင်နိုင်သည့် လူ့ဘောင်အဖွဲ့အစည်းစနစ်တစ်ရပ်ကို ရှေးရှုဆောင်ရွက်နေကြပြီဖြစ်သည်။

မသန်စွမ်းသူများ၏အရေးကိစ္စသည် လူမှုဝန်ထမ်းဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပရဟိတလုပ်ငန်းဆောင်ရွက်နေသူများနှင့်သာသက်ဆိုင်သည့် သာမညကိစ္စတစ်ရပ်မဟုတ်ဘဲ လူ့အဖွဲ့အစည်းတစ်ခုလုံးနှင့်သက်ဆိုင်သည့် အဓိကကိစ္စတစ်ခု ဖြစ်လာပါသည်။

မသန်စွမ်းသူများသည်လူသားများ၊ တစ်နည်းအားဖြင့် နိုင်ငံသားများဖြစ်ခြင်းကြောင့် အများနည်းတူကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝရရှိခွင့်၊ တန်းတူပညာသင်ကြားခွင့်၊ အလုပ်လုပ်ကိုင်ခွင့်၊ လွတ်လပ်လွယ်ကူစွာ လှုပ်ရှားသွားလာနိုင်ခွင့်နှင့် လူမှုရေးနှင့် ဖွံ့ဖြိုးရေးနယ်ပယ်များတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခွင့်များ လိုအပ်ပါသည်။

ယနေ့နိုင်ငံတော်တွင် စနစ်တရပ်ပြောင်းလဲပြီး တရားမျှတသည့်၊ အားလုံးအတွက်အခွင့်အရေးတန်းတူညီမျှသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ အသွင်ကူးပြောင်းလျက်ရှိပါသည်။ ပြည်သူအများပါဝင်သော ရွေးကောက်ပွဲများကျင်းပပြီး နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်လျက်ရှိပါသည်။ ဤအခြေအနေ၊ အချိန်အခါသမယတွင် မသန်စွမ်းသူများ၏အရေးကိစ္စကိုလည်း ထည့်သွင်းစဉ်းစား ဆောင်ရွက်ရန် လိုအပ်ပါသည်။

လူအများပျော်ရွှင်၊ အဆင်ပြေသလို မသန်စွမ်းသူများလည်း ပျော်ရွှင်၊ အဆင်ပြေချင်ပါသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဘဝနယ်ပယ်များတွင် လူအများပါဝင်နိုင်သလို မသန်စွမ်းသူများလည်း ပါဝင်လိုပါသည်။ ထိုနည်းတူ နိုင်ငံသူ/သားများအားလုံး ပါဝင်မဲပေးကြမည့် ရွေးကောက်ပွဲများတွင်လည်း မသန်စွမ်းသူများအားလုံးအများနည်းတူ တခဲနက်ကိုယ်တိုင်ကိုယ်ကျ ပါဝင်၊ ဆန္ဒမဲပေးလိုကြပါသည်။

တကယ်တော့မသန်စွမ်းသူများသည် ကိုယ်တိုင်ဆန္ဒမဲပေးခွင့်ရှိသလို လွှတ်တော်

အသီးသီးတွင် ကိုယ်စားလှယ်လောင်းအဖြစ် ကိုယ်တိုင်ဝင်ရောက် ရွေးချယ်ခံပိုင်ခွင့်လည်း ရှိရမည်ဖြစ်ပါသည်။ အိမ်နီးချင်းအာဆီယံနိုင်ငံများဖြစ်သည့်ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်စသည့် နိုင်ငံလွှတ်တော်များတွင် မသန်စွမ်းသူကိုယ်စားလှယ်များ ရှိနေကြပြီး နိုင်ငံ၏ ဥပဒေပြုရေးမဏ္ဍိုင်၌ မသန်စွမ်းသူများ၏ပါဝင်မှုကို သေချာစေရန် စီမံဆောင်ရွက်ထားသည်ကို တွေ့ရှိရပါသည်။

၂၀၁၂ ခုနှစ် ဧပြီလ (၁) ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သည့် မြန်မာနိုင်ငံ၏ ကြားဖြတ်ရွေးကောက်ပွဲ အတွေ့အကြုံအရ မသန်စွမ်းသူများ လွတ်လပ်စွာ သွားလာမဲပေးနိုင်ခွင့်ရရှိရေးအတွက် ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့်၊ မဲရုံတာဝန်ခံများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအား မသန်စွမ်းသူတို့၏ မဲပေးပိုင်ခွင့်နှင့် စပ်လျဉ်း၍ အသိပညာပေးလုပ်ငန်းများတိုးချဲ့လုပ်ဆောင်ရန် လိုအပ်သည်။ သို့မှသာ ၂၀၁၅ ခုနှစ်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မသန်စွမ်းသူများပါအများနည်းတူ တန်းတူလွတ်လပ်စွာ မိမိတို့၏ဆန္ဒသဘောထားများကို ထုတ်ဖော်မဲပေးနိုင်မည်ဖြစ်သည်။ ထိုကဲ့သို့သော အသိပညာပေးလုပ်ငန်းစဉ်များကို မသန်စွမ်းသူများနှင့် မသန်စွမ်းအဖွဲ့အစည်းများက အဓိကတာဝန်ယူလုပ်ဆောင်ရန် လိုအပ်သည်။ ဤသို့ပါဝင်ဆောင်ရွက်ခြင်းဖြင့် မသန်စွမ်းသူတို့၏ အမှန်တကယ်လိုအပ်ချက်နှင့် လိုလားချက်တို့ကို ထုတ်ဖော်တင်ပြရာရောက်မည်ဖြစ်သည်။ သို့ပါ၍ အဆိုပါလုပ်ငန်းဆောင်ရွက်များကို ကျယ်ပြန့်စွာဆောင်ရွက်ရေးအတွက် တက်နိုင်သမျှစောလျင်စွာ တစ်ပြည်လုံးအတိုင်းအတာနှင့် အစပြုနိုင်ရန်အကြံပြုတင်ပြအပ်ပါသည်။

မြန်မာနိုင်ငံမသန်စွမ်းသူများရေ့ဆောင်အဖွဲ့,

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရမှ ၇/၁၂/၂၀၁၁ ရက်နေ့တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လက်မှတ်ရေးထိုး အတည်ပြုထားသည့်မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာကုလသမဂ္ဂ သဘောတူစာချုပ်ပါ မသန်စွမ်းသူများ၏နိုင်ငံရေးနှင့် ပြည်သူ့ရေးရာနယ်ပယ်များတွင် ပါဝင်ဆောင်ရွက်ခြင်းဆိုင်ရာ အခွင့်အရေးများ

အပိုဒ်-၂၉

စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းသူများ နိုင်ငံရေးနှင့် ပြည်သူ့ရေးရာနယ်ပယ်များတွင် အများနည်းတူ ပါဝင်ဆောင်ရွက်ခွင့်ရရှိမှုသေချာစေရန် အာမခံစီမံဆောင်ရွက်ပေးရမည်။

မသန်စွမ်းသူများ၏တန်းတူမဲပေးပိုင်ခွင့်နှင့် ကိုယ်တိုင်ရွေးချယ်ခံပိုင်ခွင့်ရရှိမှုသေချာစေရေးအတွက်အောက်ပါအတိုင်း ဆောင်ရွက်ရမည်။

က) မဲပေးရေးလုပ်ငန်းအစီအစဉ်များ၊ အကူအညီပေးမှုများနှင့် အသုံးအဆောင်ပစ္စည်းများသည် မသန်စွမ်းသူများအတွက် သင့်လျော်အဆင်ပြေစေသည့် အနေအထား ဖြစ်စေရမည်။

ခ) ရွေးကောက်ပွဲနှင့် ပြည်သူ့ဆန္ဒခံယူပွဲတို့တွင် မသန်စွမ်းသူများအား လျှို့ဝှက်ဆန္ဒမဲပေးနိုင်သည့်အခွင့်အရေးကို ခြိမ်းခြောက်ခံရခြင်းမရှိစေပဲ ဆောင်ရွက်နိုင်ရန် ကာကွယ်ပေးရမည်။

ဂ) မသန်စွမ်းသူများအနေဖြင့် မဲထည့်ရာတွင် ၎င်းတို့စိတ်ကြိုက်ရွေးချယ် ခေါ်ဆောင်လာသော ပုဂ္ဂိုလ်၏အကူအညီဖြင့် မဲထည့်ခြင်းကို ခွင့်ပြု၍ ကူညီရမည်။

မသန်စွမ်းသူများသည် အခြားသူများနည်းတူ ပြည်သူ့ရေးရာနယ်ပယ်များတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိစေရမည်။ ထိုသို့ဆောင်ရွက်ရာတွင်

က) အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူထုရေးရာနှင့်နိုင်ငံရေး ဆိုင်ရာအဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများ၏လှုပ်ရှားမှုများနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊

ခ) မသန်စွမ်းအဖွဲ့အစည်းများ ဖွဲ့စည်းထူထောင်ခြင်းနှင့် နိုင်ငံတကာ မသန်စွမ်းအဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်းတို့ ပါဝင်စေရမည်။

## အာဆီယံမသန်စွမ်းသူများဆိုင်ရာ ဆယ်စုနှစ်လုပ်ငန်းစဉ်နှင့် ဘာလီကြေညာချက်ပါ မသန်စွမ်းသူများ၏ နိုင်ငံ့အရေးအရာများတွင် ပါဝင်ဆောင်ရွက်ခွင့်ဆိုင်ရာ အခွင့်အရေးများ

### အာဆီယံဦးစားပေးလုပ်ငန်းစဉ်-၆ တွင်

"မသန်စွမ်းသူများအနေဖြင့် အခြားသူများနည်းတူ ကိုယ်တိုင်ဆန္ဒမဲပေးခွင့်နှင့် ရွေးကောက်ခံပိုင်ခွင့်အပါအဝင် နိုင်ငံရေးနယ်ပယ်တွင် အပြည့်အဝ ပါဝင်လာနိုင်စေရေး သေချာစွာစီမံဆောင်ရွက်ပေးရန်" ဟုလည်းကောင်း၊

### ဘာလီကြေညာချက် အမှတ်စဉ်-၇ တွင်

"မသန်စွမ်းသူများသည် ပြည်နယ်/တိုင်းအဆင့်နှင့် နိုင်ငံတော်အဆင့်နှစ်ရပ်လုံးတွင် နိုင်ငံရေးအရ တန်းတူညီတူဖြစ်မှုအပြင် ရွေးကောက်ပွဲများတွင် ဦးဆောင်ခွင့်၊ ပါလီမန်အမတ်များအဖြစ် ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်ခွင့်များရရှိရေးအတွက် လိုအပ်သည့် အထောက်အကူများရရှိရေး တိုက်တွန်းဆောင်ရွက်သွားရန်" ဟုလည်းကောင်း ဖော်ပြထားပါသည်။

## မြန်မာနိုင်ငံရွေးကောက်ပွဲဥပဒေပါကြိုတင်မဲနှင့်မသန်စွမ်းသူများ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ရွေးကောက်ပွဲ ဥပဒေပုဒ်မ-၄၅(က) တွင် မဲဆန္ဒနယ်ပြင်ပရောက်ရှိနေသော တပ်မတော်သားများ၊ မဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသား/သူများ၊ မဲဆန္ဒနယ်ပြင်ပရောက်သင်တန်းသားများ၊ အချုပ်ခံနေရသူများ နှင့်ဆေးရုံရှိအတွင်းလူနာများ၊ ဆက်လက်ပြီး ပုဒ်မ-၄၅(ဂ)တွင် အနာကြီးရောဂါ စွဲကပ်နေသူများ၊ ဝေဒနာပြင်းထန်စွာခံစားနေရသူများ၊ အသက်အရွယ်အလွန်အမင်းကြီးရင့်သူများ၊ မီးဖွားနေရသူများနှင့်အခြားအရပ်တွင် ယာယီတာဝန်ထမ်းဆောင်ရန်ရှိသော နိုင်ငံ့ဝန်ထမ်းများသည် ကြိုတင်မဲပေးခွင့်ရှိကြောင်း ဖော်ပြထားသော်လည်း မသန်စွမ်းသူများအားလုံး ကြိုတင်မဲပေးရမည်ဟု ဖော်ပြထားခြင်းမရှိပါ။



## နိုင်ငံ၏ ရွေးကောက်ပွဲများတွင် မသန်စွမ်းသူများကြုံတွေ့နေရသော အခက်အခဲနှင့် အတားအဆီးများ

"ကျွန်တော်က ဝှီးချဲအသုံးပြုသွားလာရတဲ့ မသန်စွမ်းသူတစ်ဦးဖြစ်ပါတယ်။ ဒီလာမဲ့ ရွေးကောက်ပွဲမှာ အသဲကြားက မဲတစ်ပြားကို ကျွန်တော် ကိုယ်တိုင်သွားပြီး မဲပေးချင်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်အတွေ့အကြုံအရ လူတွေက ကျွန်တော်ဝှီးချဲလ်နဲ့ အပြင်ထွက်ရင် အထူးအဆန်း သဖွယ် ဝိုင်းကြည့်ကြတယ်။ အချို့ကလည်း နားလည်မှု နည်းတော့ သနားစရာလေး၊ ဒုက္ခရှာလို့ ကွယ်၊ ဒီမလာဘဲ ကြိုတင်မဲထည့်ထားလိုက်ရင် ဒုက္ခငြိမ်းတာပေါ့လို့ လွယ်လွယ်ပြောကြတယ်။ ဒါဟာ ကျွန်တော့်အတွက်တော့ ဒုက္ခမဟုတ်ပါဘူး။ ကိုယ်ရွေးချယ်ချင်တဲ့ ကိုယ်စားလှယ်လောင်းကို ကျွန်တော်လဲ အများနည်းတူ ကိုယ်တိုင်ကိုယ်ကျ လွတ်လွတ်လပ်လပ်ဆန္ဒမဲပေးချင်တာပေါ့။ ကျွန်တော်တို့ မသန်စွမ်းသူတွေနဲ့ သက်ကြီးရွယ်အိုတွေအတွက် နောက်အခက်အခဲတစ်ခုက မဲရုံတွေကို လှေကားထစ်တွေရှိတဲ့နေရာတွေ၊ တက်ရခက်ခဲတဲ့ အဆောက်အအုံတွေမှာ ထားရှိခြင်းပါဘဲ။ လှေကားထစ်နှစ်ထစ်၊ သုံးထစ်ကို ကျော်လွှားတက်ရ တာ၊ အဝကျဉ်းတဲ့ အခန်းတံခါးတွေကနေ တစ်ဆင့် ဝင်ရတာတွေဟာ ကျွန်တော်တို့လို ဝှီးချဲအပါအဝင် အထောက်အကူပြုကိရိယာအသုံးပြုသွားလာရတဲ့ မသန်စွမ်းသူတွေနဲ့ သက်ကြီးရွယ်အိုတွေအတွက် တကယ့်အခက်အခဲတွေပါဘဲ။

ဒါကြောင့် ရွေးကောက်ပွဲကော်မရှင်နဲ့တကွ တာဝန်ရှိသူတွေကို မသန်စွမ်း သူအားလုံးကိုယ်စား ကျွန်တော်မေတ္တာရပ်ခံချင်တာက မသန်စွမ်းသူတွေ ကိုယ်တိုင်ကိုယ်ကျ မဲလာပေးတာကို နွေးထွေးစွာ ဖေးမကူညီကြိုဆိုပေးကြပါ။ မဲရုံတွေကို သွားလာရလွယ်ကူတဲ့ အထစ်တွေမရှိတဲ့နေရာ၊ အဆောက် အအုံတွေမှာ စီစဉ်ပေးကြပါ။ တကယ်လို့ မလွှဲမရှောင်သာ အထစ်တွေရှိတဲ့နေရာမှာ မဲရုံတွေ လုပ်ရတယ်ဆိုရင်လည်း အားလုံးအတွက် အဆင်ပြေတဲ့ပြေပြစ်ညီညာတဲ့ ဆင်ခြေလျှောလမ်းလေး တွေ ထည့်သွင်းစီစဉ်ပေးကြပါလို့ တင်ပြချင်ပါတယ်။"





- ဒီတစ်ကြိမ် ကြားဖြတ်ရွေးကောက်ပွဲမှာ မဲသွားပေးခွင့်ရတဲ့အတွက်ကြောင့် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ရပါသည်။ အမြင်အာရုံချို့တဲ့နေရပေမဲ့ မြန်မာနိုင်ငံသား တစ်ယောက်ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ အများနည်းတူ လွတ်လပ်စွာ မဲပေးခွင့်ရရှိမှာ ဖြစ်ပါတယ်။ ကိုယ်တိုင်ရွေးချယ်ထားတဲ့ ကူညီသူရဲ့ အကူအညီဖြင့် မဲပေးခွင့်ရတော့ မိမိရွေးချယ်မဲပေးလိုသော ကိုယ်စားလှယ်လောင်းကို မိမိယုံကြည်ရသောသူက ကူညီရေးချစ်ပေးတဲ့အတွက်ကြောင့် တစ်ကြိမ်တစ်ခါမျှမရင်းနှီးဘူးသေးသော သူက ကူညီဆောင်ရွက်ပေးတာထက် ပို၍ စိတ်ချရတယ်လို့ ယုံကြည်ခံစားမိပါတယ်။

- အမုန်ကတော့ အမြင်အာရုံချို့ယွင်းနေသူများအတွက် အလွတ်လပ်ဆုံးနှင့် အသေချာဆုံး ရွေးချယ်မဲပေးနည်းစနစ်ကတော့ လက်စမ်းစာပေဖြင့် ရေးသားပေးထားပြီး မျက်စိမမြင်တဲ့သူကိုယ်တိုင်လက်ဖြင့် စမ်းသပ်၍ မဲပေးနိုင်အောင် ပြင်ဆင်ဖန်တီးပေးထားတဲ့ နည်းစနစ်ပဲ ဖြစ်ပါတယ်။

- မဲစာရင်းမှာမပါလို့၊ မှတ်ပုံတင်မရှိလို့၊ မသန်စွမ်းသူတွေရှိတယ်လို့ ဝမ်းနည်းစွာဖြင့် ကြားသိရပါတယ်။ လာမည့် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးမှာ ယခုကဲ့သို့အဖြစ်မျိုးတွေ ထပ်မံမဖြစ်ရအောင် ယခုအချိန်ကစတင်ပြီး တိကျသေချာတဲ့လုပ်ငန်းဆောင်ရွက်ချက်များကို ချမှတ်လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။

- နိုင်ငံသားထဲက နိုင်ငံသားတစ်ယောက်ဖြစ်တဲ့အတွက်ကြောင့် လွတ်လပ်စွာ ရွေးချယ်တင်မြှောက်ခွင့် ရရှိဖို့ လိုအပ်သလို ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်လည်းရရှိဖို့ လိုပါသည်။ လွှတ်တော်အတွင်းမှာ နိုင်ငံရေးအခြေအနေအရပ်ရပ်ကို ဝိုင်းဝန်းဆွေးနွေးပြီး အကောင်းဆုံး၊ ဆုံးဖြတ်ဆောင်ရွက်ကြမယ်ဆိုရင် အတိုင်းမသိဝမ်းသာမိမှာပါ။ ဥပမာ- မသန်စွမ်းသူများ ဥပဒေရေးကိစ္စကို ဖော်ပြချင်ပါတယ်။ လွှတ်တော်အတွင်းမှာ မသန်စွမ်းသူတို့အတွက် မသန်စွမ်းကိုယ်စားလှယ် တစ်ဦးတစ်ယောက်ရှိနေခဲ့မယ်ဆိုရင် ပိုကောင်းမယ်လို့ ယုံကြည်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဘဝတူမသန်စွမ်းသူများကို အကောင်းဆုံးစာနာနားလည်မှု အပေးနိုင်ဆုံးဟာ ကာယကံရှင် မသန်စွမ်းသူများသာ ဖြစ်ပါတယ်။ အိမ်နီးနားချင်း နိုင်ငံအချို့မှာလည်း လွှတ်တော်အတွင်းမှာ မသန်စွမ်းသူတို့အတွက် ကိုယ်စားလှယ်နေရာပေးထားတာတွေ့ရပါတယ်။ ဥပမာ- ထိုင်းနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ။

- မသန်စွမ်းသူတို့အတွက် သင့်တော်သော မဲရုံတစ်ရုံဖြစ်ဖို့ရန် မသန်စွမ်းသူမျိုးစုံဝင်ရောက်သွားလာ မဲပေးနိုင်သည့် အခြေအနေများကို ဖန်တီးပေးထားဖို့လိုပါသည်။ ဥပမာအားဖြင့်- မဲရုံဝင်ထွက်လမ်းများပြေပြစ်နေဖို့ လိုပါတယ်။ မဲရုံများကို မြေညီထပ်တွင်သာ ထားရှိပေးဖို့ လိုပါတယ်။ လှေကားထစ်များရှိပါက ၎င်းနေရာတွင် ပြေပြစ်သော ဆင်ခြေလျှောလမ်းများ၊ တည်ဆောက်ပေးဖို့ လိုပါတယ်။ မဲပုံးများကို ဘီးချဲလ်အသုံးပြုသူများအတွက် နိမ့်သောနေရာတွင် ထားရှိစေရန် လိုအပ်ပါသည်၊ သို့မှသာ မသန်စွမ်းသူများနှင့် သင့်တော်သော မဲရုံတစ်ရုံဖြစ်လာမည်။ မဲရုံတစ်ခုတည်းကိုသာ ဦးစားပေးပြင်ဆင်ခြင်းထက် မဲရုံရှိတာဝန်ထမ်းဆောင်ကြသော ပုဂ္ဂိုလ်များကိုပါ၊ မသန်စွမ်းရေးရာ အသိပညာ

ပေးဖို့ လိုအပ်ပါတယ်။ သို့မှသာ လာမည့် ၂၀၁၅ ရွေးကောက်ပွဲတွင် မသန်စွမ်းဖြစ်နေကြလို့ မဲထည့်စရာမလိုဘူးဆိုသော အသိအမြင်မျိုးတွေ ပပျောက်သွားအောင်လည်း ကြိုတင်လုပ်ဆောင် ကြဖို့ အရေးတကြီးလိုအပ်ပါတယ်။

- မဲရုံတွင်းမှ လာရောက်မဲပေးကြသူအားလုံးကို ဝမ်းမြောက်ပျူငှာစွာ ကြိုဆိုဆောင်ရွက်ပေးတတ်အောင် အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ပေးဖို့ လိုအပ်ပါတယ်။ ရွေးကောက်ပွဲနှင့် မဲပေးတဲ့လုပ်ငန်းစဉ်များမှာ မသန်စွမ်းသူများအတွက် သဟဇာတဖြစ်အောင် ပြုပြင်ပေးခြင်းဟာ မသန်စွမ်းသူများအတွက်သာမက သက်ကြီးရွယ်အိုများ၊ အိုမင်းမစွမ်းသူများ ယာယီမသန်စွမ်းဖြစ်နေရသူများအတွက်ပါ ကောင်းကျိုးဖြစ်ထွန်းမယ်လို့ ယုံကြည်ပါတယ်။ ရွေးချယ်တင်မြှောက်ခြင်း၊ မဲပေးခြင်း အစရှိတဲ့ လုပ်ငန်းစဉ်များဟာ နိုင်ငံသားတိုင်းအတွက် အရေးကြီးသလို နိုင်ငံသားတိုင်းဖြစ်တဲ့ ကျွန်တော်တို့အတွက်လည်း အရေးကြီးပါတယ်။ မဲပေးချင်ပါတယ်။ မဲပေးခွင့်မရတဲ့သူများအတွက်လည်း အလွန်ဝမ်းနည်းပါတယ်။ လာမည့်ရွေးကောက်ပွဲ အားလုံးမှာလည်း မဲသွားပေးဦးမှာဖြစ်ပါတယ်။ ကြိုတင်မဲပေးရတာ မကြိုက်ဘူး။ ကိုယ်တိုင်အများနည်းတူ မဲရုံကို သွားပြီး မဲပေးချင်တယ်။ မသန်စွမ်းသူဖြစ်နေပေမဲ့ လူ့အဖွဲ့အစည်းဝင်လူသားများဖြစ်တဲ့အတွက်ကြောင့် လူ့အဖွဲ့အစည်းရဲ့ လှုပ်ရှားမှုအားလုံးမှာ အပြည့်အဝပါဝင်ချင်ပါတယ်။





**(အကြားအာရုံ) မောင်ဟိန်းဇာနည်ထွန်း**

ယခင်တစ်ကြိမ်မှာတော့ မဲပေးခဲ့ဖူးပါတယ်။ ကျွန်တော်တို့ အကြားအာရုံအားနည်းသူတွေအတွက် ကောင်းကောင်းမွန်မွန်နားလည်ပြီးမှ မဲပေးနိုင်ရေးအတွက် လက်ဟန်ပြဘာသာစကားနဲ့ ကြိုတင်ရှင်းပြပေးတာမျိုးတွေ လိုအပ်ပါတယ်။ မသန်စွမ်းသူတွေ မဲရုံမှာ မဲပေးနိုင်ရေးအတွက် ပြည်သူလူထုကိုရော တာဝန်ရှိသူတွေကိုရော အသိပညာပေးအစီအစဉ်တွေ ခဏခဏလုပ်ပေးသင့်ပါတယ်။ နောက်ပြီး T.V အစီအစဉ်တွေ၊ ဂျာနယ်တွေ၊ မီဒီယာတွေကနေတစ်ဆင့်လည်း အသိပညာတွေ ပေးရပါမယ်။ ခဏခဏ ပြောဖန်များရင်၊ ကြားရဖန်များရင် သိလာမယ်လို့ ယုံကြည်ပါတယ်။

မသန်စွမ်းကိုယ်စားလှယ်များလည်း လွှတ်တော်ထဲမှာ ပါဝင်ဆွေးနွေးသင့်တယ်၊ ဆွေးနွေးရမယ်လို့ ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မသန်စွမ်းအရေးကိစ္စများလည်း ထိထိရောက်ရောက် ဆွေးနွေးပေးနိုင်မှာဖြစ်သလို၊ မသန်စွမ်းသူတစ်ယောက်ဟာလည်း နိုင်ငံသားတစ်ယောက်ပဲဖြစ်တာကြောင့် မသန်စွမ်းရေးရာကိစ္စတွေအပြင် တခြားသော နိုင်ငံ၏အရေးအရာကိစ္စများမှာလည်း ပါဝင်ဆွေးနွေးသင့်တယ်။ ဆွေးနွေးရမယ်လို့ ယုံကြည်ထားလို့ပါ။

ကျွန်တော်တို့ အကြားအာရုံအားနည်းသူတွေအတွက်ပဲ မဟုတ်ဘဲနဲ့ တခြားသော မသန်စွမ်းမှုအမျိုးအစားတွေအတွက်ပါ ထည့်သွင်းစဉ်းစားပေးနိုင်ရင် အရမ်းကောင်းမှာပါပဲ။ ဥပမာ- ဝှီးချဲလ်သွားလို့ရတဲ့နေရာမျိုးမှာ မဲရုံတွေ ရှိနေဖို့၊ မျက်မမြင် (အမြင်အာရုံအားနည်းသူ)များအတွက် မျက်မမြင်လက်စမ်းစာတွေနဲ့ စီစဉ်ထားဖို့ . . . စသဖြင့် ဒီအချက်တွေကို ထည့်သွင်းစဉ်းစားပေးဖို့ ပြောချင်ပါတယ်။



မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ (Myanmar-ILI) သည် International Foundation for Electoral Systems (IFES)နှင့် Myanmar Egress တို့၏ ပံ့ပိုးမှုဖြင့် မြန်မာ့သမိုင်းတွင် ပထမဦးဆုံးသောလှုပ်ရှားဆောင်ရွက်မှုအဖြစ် "မသန်စွမ်းသူများ၏ နိုင်ငံသားအခွင့်အရေးနှင့်ရွေးကောက်ပွဲအခွင့်အရေးများ ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ"ကို ရန်ကုန်မြို့ Central ဟိုတယ်၌ ၂၀၁၂ ခုနှစ်၊ ဧပြီလ ကြားဖြတ်ရွေးကောက်ပွဲမကျင်းပမီ တစ်ကြိမ်နှင့် ကျင်းပပြီး နောက်တစ်ကြိမ်၊ စုစုပေါင်း နှစ်ကြိမ် စီစဉ်ပြုလုပ်ခဲ့ရာရန်ကုန်တိုင်းဒေသကြီးနှင့်ဧရာဝတီတိုင်းဒေသကြီးများမှ မဲပေးပိုင်ခွင့်ရှိသည့် မသန်စွမ်းသူများနှင့် မိသားစုဝင် ၅၀-ဦး ပါဝင်တက်ရောက်ဆွေးနွေးခဲ့ပါသည်။

ဆွေးနွေးပွဲ၏အဓိက ရည်ရွယ်ချက်များမှာ

၁) မသန်စွမ်းသူများနှင့် မိသားစုများအနေဖြင့် ၎င်းတို့၏နိုင်ငံသားအခွင့်အရေးနှင့် ရွေးကောက်ပွဲဆိုင်ရာအခွင့်အရေးများအကြောင်း ပိုမိုသိရှိနားလည်လာစေရန်၊

၂) ကြားဖြတ်ရွေးကောက်ပွဲတွင်မသန်စွမ်းသူများကြုံတွေ့ရသော အခက်အခဲနှင့် သင်ခန်းစာများကိုဖော်ထုတ် ဝေမျှဖလှယ်ခြင်းအားဖြင့် မသန်စွမ်းသူများ၏ နိုင်ငံသားအခွင့်အရေးနှင့်ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးများအကြောင်း အများပြည်သူပိုမိုသိရှိလက်ခံဆောင်ရွက်ပေးလာစေရန်တို့ ဖြစ်ပါသည်။

## ၂၀၁၂ ခုနှစ်၊ ဧပြီလကြားဖြတ်ရွေးကောက်ပွဲမတိုင်မီကျင်းပပြုလုပ်သော မသန်စွမ်းသူများ၏နိုင်ငံသားအခွင့်အရေးနှင့်ရွေးကောက်ပွဲအခွင့်အရေးများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအချိန်ဇယား

| အချိန် | အကြောင်းအရာ | ဦးဆောင်သူပုဂ္ဂိုလ် |
|---|---|---|
| ပထမနေ့ | | |
| ၀၉း၃၀-<br>၁၀း၃၀ | ♦ လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်မှူးဒေါ်ယုယုဆွေကအလုပ်ရုံဆွေးနွေးပွဲအဖွင့်နှုတ်ခွန်းဆက်စကားပြောကြားခြင်း<br>♦ မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့မှအစီအစဥ် ဒါရိုက်တာဦးနေလင်းစိုးက အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းတင်ပြခြင်း<br>♦ ဆွေးနွေးပွဲတက်ရောက်လာသူများ မိတ်ဆက်ခြင်း<br>♦ အလုပ်ရုံဆွေးနွေးပွဲအကြို နားလည်မှုစစ်တမ်းကောက်ယူခြင်း<br>♦ Welcome remark by Daw Yu YuSwe from Dep. of Social Welfare<br>♦ Explain the purpose of Workshop by Nay Lin Soe, Myanmar-ILI<br>♦ Self-introduction of participants, organizers and funder<br>♦ Conduct Pre-Workshop Assessment | |
| ၁၀း၃၀-<br>၁၀း၅၀ | ကော်ဖီနှင့်မုန့်သုံးဆောင်ချိန်<br>Coffee-break | |
| ၁၀း၅၀-<br>၁၂း၃၀ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်း ရှင်းလင်းဆွေးနွေးခြင်း<br>Constitution Digest | ဒေါ်ခင်မိုးစံ<br>Myanmar Egress |
| ၁၂း၃၀-<br>၁၃း၃၀ | နေ့လည်စာသုံးဆောင်ချိန်<br>Lunch Time | |
| ၁၃း၃၀-<br>၁၄း၃၀ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်း ရှင်းလင်းဆွေးနွေးခြင်း<br>Constitution Digest | ဒေါ်ခင်မိုးစံ<br>Myanmar Egress |

| အချိန် | အကြောင်းအရာ | ဦးဆောင်သူပုဂ္ဂိုလ် |
|---|---|---|
| ၁၄း၃၀-<br>၁၄း၅၀ | ကော်ဖီနှင့်မုန့်သုံးဆောင်ချိန်<br>Coffee-break | |
| ၁၄း၅၀-<br>၁၆း၃၀ | ခေါင်းဆောင်မှုအတွက် လက်တွေ့ကျကျတွေးခေါ်ခြင်း<br>Critical Thinking for Leadership | ?????<br>Myanmar Egress |
| ၁၆း၃၀-<br>၁၇း၀၀ | ဘာကြောင့် နိုင်ငံသားတိုင်း မဲပေးဖို့လိုအပ်သလဲ<br>Why vote | ?????<br>Myanmar Egress |
| ဒုတိယနေ့ | | |
| ၀၉း၃၀-<br>၁၀း၃၀ | မဲပေးသူများနှင့်ပတ်သက်၍ ပညာပေးခြင်း<br>Voter Education | ဦးရဲထွတ်နိုင်<br>Myanmar Egress |
| ၁၀း၃၀-<br>၁၀း၅၀ | ကော်ဖီနှင့်မုန့်သုံးဆောင်ချိန်<br>Coffee-break | |
| ၁၀း၅၀-<br>၁၂း၃၀ | မဲပေးသူများနှင့်ပတ်သက်၍ ပညာပေးခြင်း<br>Voter Education | ဦးရဲထွတ်နိုင်<br>Myanmar Egress |
| ၁၂း၃၀-<br>၁၃း၃၀ | နေ့လည်စာသုံးဆောင်ချိန်<br>Lunch Time | |
| ၁၃း၃၀-<br>၁၄း၃၀ | မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာကုလသမဂ္ဂသဘောတူစာချုပ် ပေါ်ပေါက်လာပုံနောက်ခံသမိုင်းနှင့် ယင်းစာချုပ်ပါ အခန်း-၂၉ အား အကောင်အထည်ဖော်မှု<br>History of the CRPD and how Article -29 is being implemented | Ms.Virginia Atkinson International Foundation for Electoral Systems, IFES |
| ၁၄း၀၀- | Experience sharing of Person with Disability<br>(Election experience) | ဦးသိန်းလွင် |

| အချိန် | အကြောင်းအရာ | ဦးဆောင်သူပုဂ္ဂိုလ် |
|---|---|---|
| ၁၄း၃၀- | မဲပေးခြင်းနှင့်ပတ်သက်၍ မသန်စွမ်းသူတစ်ဦး၏အတွေ့အကြုံ ဝေမျှခြင်း | မြန်မာနိုင်ငံမျက်မမြင်များအသင်း |
| ၁၄း၃၀-<br>၁၄း၅၀ | ကော်ဖီနှင့်မုန့်သုံးဆောင်ချိန်<br>Coffee-break | |
| ၁၄း၅၀-<br>၁၆း၀၀ | UN-CRPD and Electoral rights of PwDs<br>မသန်စွမ်းသူအခွင့်အရေးများဆိုင်ရာကုလသမဂ္ဂသဘောတူစာချုပ်နှင့် မသန်စွမ်းသူများ၏ရွေးကောက်ပွဲဆိုင်ရာအခွင့်အရေးများ | ဒေါ်ယုယုဆွေး လူမှုဝန်ထမ်းဦးစီးဌာန |
| ၁၆း၀၀-<br>၁၆း၃၀ | အလုပ်ရုံဆွေးနွေးပွဲအပြီး နားလည်မှုစစ်တမ်းကောက်ယူခြင်း<br>Post-Workshop Assessment | |
| ၁၆း၃၀-<br>၁၇း၀၀ | ဆွေးနွေးပွဲတက်ရောက်လာသူများမှ အကြံပြုခြင်းနှင့် မေးမြန်းဆွေးနွေးခြင်း<br>ဆွေးနွေးပွဲပြီးဆုံးခြင်း<br>Feeback and comments by participants<br>Conclusion of Worshop | |

## ၂၀၁၂ ခုနှစ်၊ ဧပြီလ ကြားဖြတ်ရွေးကောက်ပွဲအပြီး ကျင်းပပြုလုပ်သော မသန်စွမ်းသူများ၏နိုင်ငံသားအခွင့်အရေးနှင့်ရွေးကောက်ပွဲအခွင့်အရေးများဆိုင်ရာ နောက်ဆက်တွဲ အလုပ်ရုံဆွေးနွေးပွဲ အချိန်ဇယား

| အချိန် | အကြောင်းအရာ | ဦးဆောင်သူပုဂ္ဂိုလ် |
|---|---|---|
| ၀၉း၃၀-<br>၀၉း၅၀ | ♦ လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်မှူးဒေါ်ယုယုဆွေ ကအလုပ်ရုံဆွေးနွေးပွဲအဖွင့်နှုတ်ခွန်းဆက်စကားပြောကြားခြင်း<br>♦ မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့မှအစီအစဥ် ဒါရိုက်တာဦးနေလင်းစိုးက အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းတင်ပြခြင်း<br>♦ ဆွေးနွေးပွဲတက်ရောက်လာသူများ မိတ်ဆက်ခြင်း<br>♦ Welcome remark by Daw Yu YuSwe from Dep. of Social Welfare<br>♦ Explain the purpose of Workshop by Nay Lin Soe, Myanmar-ILI<br>♦ Self-introduction of participants, organizers and funder | |
| ၀၉း၅၀-<br>၁၀း၁၀ | ကော်ဖီနှင့်မုန့်သုံးဆောင်ချိန်<br>Coffee-break | |
| ၁၀း၁၀-<br>၁၁း၀၀ | မသန်စွမ်းသူများအခွင့်အရေးနှင့် ကြားဖြတ်ရွေးကောက်ပွဲ<br>Bi-election and PwDs rights | ဒေါ်ယုယုဆွေ<br>လူမှုဝန်ထမ်းဦးစီးဌာန |
| ၁၁း၀၀-<br>၁၂း၀၀ | မသန်စွမ်းသူများ၏ကြားဖြတ်ရွေးကောက်ပွဲအတွေ့အကြုံ ဖလှယ်ခြင်းနှင့် အနာဂတ်ရွေးကောက်ပွဲများအတွက် အကြံပြုချက်များ ပေးခြင်း<br>Voting experience sharing on previous bi-elction; and suggestions or comments for next elections | ဦးအောင်ကိုမြင့်<br>မြန်မာနိုင်ငံ<br>မသန်စွမ်းသူများ<br>ရှေ့ဆောင်အဖွဲ့ |
| ၁၂း၀၀-<br>၁၃း၀၀ | နေ့လည်စာသုံးဆောင်ချိန်<br>Lunch Time | |

| အချိန် | အကြောင်းအရာ | ဦးဆောင်သူပုဂ္ဂိုလ် |
|---|---|---|
| ၁၃း၀၀-<br>၁၃း၁၀ | ရွေးကောက်ပွဲအတွေ့အကြုံနှင့်စပ်လျဉ်း၍ မသန်စွမ်းသူများ သရုပ်ပြကစားခြင်း<br>Conceptual Role Play Activity | |
| ၁၃း၁၀-<br>၁၄း၃၀ | မသန်စွမ်းသူများ၏ရွေးကောက်ပွဲအတွေ့အကြုံအပေါ် စစ်တမ်းကောက်ယူခြင်း<br>Questionnaires section for follow-up form | ဒေါ်ယုယုဆွေ<br>မြန်မာနိုင်ငံမသန်စွမ်းသူများရေှ့ဆောင်အဖွဲ့ |
| ၁၄း၃၀-<br>၁၄း၅၀ | ကော်ဖီနှင့်မုန့်သုံးဆောင်ချိန်<br>Coffee-break | |
| ၁၄း၅၀-<br>၁၅း၃၀ | ကြားဖြတ်ရွေးကောက်ပွဲတွင် ကိုယ်တိုင်ကိုယ်ကျ မဲပေးခဲ့သော မသန်စွမ်းသူများအား အင်တာဗျူးပြုလုပ်ခြင်း<br>Interview to some participants with disability on bi-election | မြန်မာနိုင်ငံမသန်စွမ်းသူများရေှ့ဆောင်အဖွဲ့ |
| ၁၅း၃၀-<br>၁၆း၀၀ | ဆွေးနွေးပွဲတက်ရောက်လာသူများမှ အကြံပြုခြင်းနှင့် မေးမြန်းဆွေးနွေးခြင်း<br>Feedback and comments by participants<br>Conculsion of Workshop | |

မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ (Myanmar Independent Living Initiative MILI) မှ မသန်စွမ်းအဖွဲ့အစည်းများအတွက် ကန့်သတ်ထုတ်ဝေသည်။

# မသန်စွမ်းသူများအကျုံးဝင်ရွေးကောက်ပွဲဆိုင်ရာ
# အသိပညာပေးလက်ကွဲစာအုပ်

Display Only

မဲပေးခြင်းဖြင့် မိမိနိုင်ငံ၊ မိမိ လူ့အဖွဲ့အစည်း၏ ကံကြမ္မာကို
ဆုံးဖြတ်၊ ပုံဖော်ကြပါစို့။

မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ (MILI) မှ စီစဉ်၍
IFES-Myanmar and USAID မှ ပံ့ပိုးသည်။






ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ထုတ်ပြန်ကြေညာချက်အရ ကမ္ဘာ့လူဦးရေ၏ ၁၅ ရာခိုင်နှုန်းသည် တနည်းမဟုတ် တနည်း မသန်စွမ်းသူများဖြစ်သည်ဟု ဆိုပါသည်။

ယင်းရာခိုင်နှုန်းဖြင့် တွက်ချက်မည်ဆိုလျှင် မြန်မာနိုင်ငံတွင် လူဦးရေ ၈–သန်းခန့်သည် တနည်းမဟုတ်တနည်း မသန်စွမ်းသူများ ဖြစ်မည်ဟု ဆိုနိုင်ပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန၏ တရားဝင်ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံလူဦးရေ၏ ၂.၃ ရာခိုင်နှုန်း (တနည်းအားဖြင့် လူဦးရေ ၁၃–သိန်းခန့်)သည် မသန်စွမ်းသူများ ဖြစ်သည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ (MILI)သည် မသန်စွမ်းသူများ ကိုယ်တိုင်ဆုံးဖြတ်၊ ဘဝရပ်တည်နိုင်ရေး၊ လိုအပ်သော ဝန်ဆောင်မှုများ ရရှိခံစား လာနိုင်ရေး၊ တန်းတူအခွင့်အရေးရရှိလာရေးနှင့် လူ့အဖွဲ့အစည်းအတွင်း အပြည့်အဝ ဝင်ဆံ့လာနိုင်ရေးအတွက် ကြိုးစား ဆောင်ရွက်နေသော မသန်စွမ်းသူများကိုယ်တိုင် ဦးဆောင်သည့် လူမှုဖွံ့ဖြိုးရေး အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

မသန်စွမ်းသူများသည် ရုပ်ပိုင်း၊ စိတ်ပိုင်းနှင့် မူဝါဒပိုင်းဆိုင်ရာ အတားအဆီးများကြောင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးနှင့် နိုင်ငံရေးနယ်ပယ်များတွင် နိုင်ငံသားတစ်ယောက် ရသင့်ရထိုက်သည့် အခြေခံအခွင့်အရေးများကို ဆုံးရှုံးနေကြရပြီး လူ့အဖွဲ့အစည်း၏ ဝန်ထုပ်ဝန်ပိုးအဖြစ် ရှုမြင်သတ်မှတ်ခြင်းကို ခံနေရပေသည်။ အခြေအနေအားလုံးကို ပြောင်းလဲဖို့ရန် နိုင်ငံရေးဖြစ်စဉ်နှင့် ရွေးကောက်ပွဲများတွင် မသန်စွမ်းသူများ အများနည်းတူ ပါဝင်ဆောင်ရွက်ခွင့် ရရှိရေးသည် ပဓါနကျပေသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ (၇)ရက်နေ့ တွင် ပါဝင်လက်မှတ်ရေးထိုး အတည်ပြုထားသည့် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်ပါ မသန်စွမ်းသူများ၏ နိုင်ငံရေးနှင့်ပြည်သူ့ရေးရာ နယ်ပယ်များတွင် ပါဝင်ဆောင်ရွက်ခြင်းဆိုင်ရာ အခွင့်အရေးများ**

**စာချုပ်အပိုဒ်–၂၉**

စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းသူများ နိုင်ငံရေးနှင့်ပြည်သူ့ရေးရာနယ်ပယ်များတွင် အများနည်းတူ ပါဝင်ဆောင်ရွက်ခွင့်ရရှိမှု စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းသူများ နိုင်ငံရေးနှင့်ပြည်သူ့ရေးရာနယ်ပယ်များတွင် အများနည်းတူ ပါဝင်ဆောင်ရွက်ခွင့်ရရှိမှု

စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းသူများ နိုင်ငံရေးနှင့်ပြည်သူ့ရေးရာနယ်ပယ်များတွင် အများနည်းတူ ပါဝင်ဆောင်ရွက်ခွင့်ရရှိမှု သေချာစေရန် အာမခံ စီမံဆောင်ရွက်ပေးရမည်။ မသန်စွမ်းသူများ၏ တန်းတူမဲပေးပိုင်ခွင့်နှင့် ကိုယ်တိုင်ရွေးချယ်ခံပိုင်ခွင့်ရရှိမှု သေချာစေရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည်။

က) မဲပေးရေးလုပ်ငန်းအစီအစဉ်များ၊ အကူအညီပေးမှုများနှင့် မဲရုံအပါအဝင် အသုံးအဆောင် ပစ္စည်းများသည် မသန်စွမ်းသူများအတွက် သင့်လျော်လက်လှမ်းမီ အဆင်ပြေစေသည့် အနေအထားဖြစ်စေရမည်။

ခ) ရွေးကောက်ပွဲနှင့် ပြည်သူဆန္ဒခံယူပွဲတို့တွင် မသန်စွမ်းသူများအား လျှို့ဝှက်ဆန္ဒမဲ ပေးနိုင်သည့်အခွင့်အရေးကို ခြိမ်းခြောက်ခံရခြင်းမရှိစေဘဲ ဆောင်ရွက်နိုင်ရန် ကာကွယ် ပေးရမည်။

ဂ) မသန်စွမ်းသူများအနေဖြင့် မဲထည့်ရာတွင် ၎င်းတို့စိတ်ကြိုက်ရွေးချယ်ခေါ်ဆောင်လာသော ပုဂ္ဂိုလ်၏အကူအညီ


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ သဘောတူထားသည့် မသန်စွမ်းသူများဆိုင်ရာ အာဆီယံဆယ်စုနှစ်လုပ်ငန်းစဉ်နှင့် ဘာလီကြေညာချက်ပါ နိုင်ငံရေးနယ်ပယ်တွင် မသန်စွမ်းသူများ ပါဝင်ဆောင်ရွက်ခွင့်ဆိုင်ရာ အခွင့်အရေးများ**

အာဆီယံဦးစားပေးလုပ်ငန်းစဉ်–၆

"မသန်စွမ်းသူများအနေဖြင့် အခြားသူများနည်းတူ ကိုယ်တိုင် ဆန္ဒမဲပေးခွင့်နှင့် ရွေးကောက်ခံပိုင်ခွင့် အပါအဝင် နိုင်ငံရေး နယ်ပယ်တွင် အပြည့်အဝ ပါဝင်လာနိုင်စေရေး သေချာစွာ စီမံဆောင်ရွက်ပေးရန်"

ပုံစံ (ခ)

မသန်စွမ်းသူများအပါအဝင် မဲဆန္ဒရှင်များအားလုံးအတွက် အဆင်ပြေသောမဲရုံပုံစံ





မြန်မာနိုင်ငံသည် တရားမျှတပြီး အားလုံးအတွက် အခွင့်အရေးတန်းတူ ညီမျှသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီသို့ အသွင်ကူးပြောင်းလျက်ရှိပါသည်။ ပြည်သူအများပါဝင်သော ရွေးကောက်ပွဲများကျင်းပပြီး နိုင်ငံ၏ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်လျက်ရှိပါသည်။ ဤအခြေအနေ၊ အချိန်အခါသမယတွင် မသန်စွမ်းသူများ၏အရေးကိစ္စကိုလည်း ထည့်သွင်း စဉ်းစား ဆောင်ရွက်ရန် လိုအပ်ပါသည်။

လူအများပျော်ရွှင်၊ အဆင်ပြေသလို မသန်စွမ်းသူများလည်း ပျော်ရွှင်၊ အဆင်ပြေချင်ပါသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဘဝ နယ်ပယ်များတွင် လူအများပါဝင်နိုင်သလို မသန်စွမ်းသူများလည်းပါဝင်လိုပါ သည်။ ထို့နည်းတူ နိုင်ငံသားများအားလုံး ပါဝင်ခွင့်ရှိသည့် နိုင်ငံရေးနှင့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များတွင်လည်း မသန်စွမ်းသူများ ပါဝင်ဆောင်ရွက်လိုကြပါသည်။

တကယ်တော့ မသန်စွမ်းသူများသည် ကိုယ်တိုင် ဆန္ဒမဲပေးခွင့်ရှိသလို လွှတ်တော်အသီးသီးတွင် ကိုယ်စားလှယ်လောင်းအဖြစ် ကိုယ်တိုင် ဝင်ရောက် ရွေးချယ်ခံ ပိုင်ခွင့်လည်း ရှိရမည်ဖြစ်ပါသည်။ အိမ်နီးချင်း အာဆီယံနိုင်ငံအချို့၏ လွှတ်တော်များတွင် မသန်စွမ်းသူ ပါလီမန်အမတ်များရှိနေကြပြီး နိုင်ငံ၏ဥပဒေပြုရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေသည်ကို တွေ့ရှိရပါသည်။

မသန်စွမ်းသူမဲဆန္ဒရှင်များပါ အလွယ်တကူလက်လှမ်းမီ အသုံးပြုနိုင်သော မဲရုံဆိုသည်မှာ -

၁) မဲရုံသည် မြေညီထပ်တွင် ရှိရမည်။ (အပေါ်ထပ်ဖြစ်ပါက ဝှီးချဲလ်တက်လမ်း သို့မဟုတ် ဓါတ်လှေကား ရှိရမည်။)

၂) မဲရုံအဝင်ဝတွင် လှေကားထစ်ရှိပါက ဝှီးချဲလ်တက်/ဆင်းနိုင်သော ဆင်ခြေလျှောလမ်းတည်ဆောက်ထားရှိရမည်။ မျက်မမြင်များအတွက် သင်္ကေတပြလျှောက်လမ်းရှိရမည်။

၃) မဲရုံအဝင်အဝတံခါးအကျယ်သည် ဝှီးလ်ချဲလ် ဝင်၊ ထွက်နိုင်မည့်အနည်းဆုံး (၃)ပေရှိရမည်။

၄) မဲဆန္ဒရှင် စာရင်းမှတ်ပုံတင်သည့်နေရာ၊ မဲလက်မှတ်ထုတ်ပေးသည့်နေရာ၊ လျှို့ဝှက်မဲပေးသည့်နေရာနှင့် မဲရုံအတွင်းနေရာများသည် မသန်စွမ်းသူများ (အထူးသဖြင့် ဝှီးချဲသုံးသူများနှင့် မျက်မမြင်များ) သွားလာအသုံးပြုနိုင်ရေးအတွက် လွယ်ကူသော အဟန့်အတားကင်းသည့် အနေအထားဖြစ်ရမည်။

၅) မဲပုံးများနှင့် မဲရုံအတွင်းအသုံးပြုသော စားပွဲများသည် ဝှီးချဲလ်အသုံးပြုသူ မဲဆန္ဒရှင်များအတွက် အဆင်ပြေသော ဒီဇိုင်းများဖြစ်ရမည်။ စားပွဲများ၏အမြင့်သည် ပျမ်းမျှ ၂-ပေခွဲရှိရမည်ဖြစ်ပြီး အောက်ခြေတွင် ချုပ်တန်းများရှိမနေရ။

၆) မျက်မမြင်မဲဆန္ဒရှင်များပါ အလွယ်တကူ မဲပေးနိုင်ရန် သင်္ကေတများပါသည့် (သို့မဟုတ်) မျက်မမြင်လက်စမ်းစာဖြင့် ပြင်ဆင်ထားသည့် မဲလက်မှတ်များထားရှိရမည်။ မဲရုံ၊ မဲဆန္ဒရှင်မှတ်ပုံတင်ခြင်း၊ မဲပေးခြင်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို မျက်မြင်လက်စမ်းစာပေဖြင့် ရေးသားပြင်ဆင်ထားပေးရမည်။ (သို့မဟုတ် - မိမိယုံကြည်စိတ်ချရသည့်သူ၏ အကူအညီဖြင့် လွတ်လပ်စွာ လျှို့ဝှက်ဆန္ဒမဲပေးခွင့်ရှိရမည်။)

၇) နားမကြားသူ မဲဆန္ဒရှင်များအတွက် မဲရုံတွင် လက်သင်္ကေတပြဘာသာစကား တက်ကျွမ်းသည့် ဝန်ထမ်းတစ်ဦးဦး စီစဉ်ထားရှိ၍ ဘာသာပြန်ဝန်ဆောင်မှုပေးရမည်။

၈) မသန်စွမ်းသူမဲဆန္ဒရှင်များ လာရောက်မဲပေးရာတွင် စနစ်တကျလေ့ကျင့်ပေးထားသော ထိရောက်စွာ ကူညီပေးနိုင်သည့် ဝန်ထမ်းများထားရှိရမည်။

## မသန်စွမ်းသူမဲဆန္ဒရှင်များ၏ ကိုယ်တွေ့ဖြစ်ရပ်များနှင့် ရင်ထဲကစကားသံများ

ဟုတ်ပါတယ်။ ဒါမှသာ မသန်စွမ်းသူတွေလဲ နိုင်ငံရေးနဲ့ ပြည်သူ့ရေးရာ နယ်ပယ်ကဏ္ဍ အားလုံးမှာ အပြည့်အဝ ပါဝင်ဆောင်ရွက်ခွင့်ရမှာပါ။



" မသန်စွမ်းသူမို့လို့ အိမ်မှာပဲနေပါ။ ဒုက္ခမရှာပါနဲ့၊ မဲမပေးလဲရပါတယ်" ဆိုတဲ့ အတွေးအခေါ်ဟောင်းတွေကို ကျွန်တော်တို့လက်မခံတော့ပါဘူး။ မဲပေးခွင့်ဟာ ကျွန်တော်တို့ရဲ့ မွေးရာပါ အခွင့်အရေးပဲ။



"မျက်စိမှမမြင်တာ ခရီးဘယ်လိုလုပ် သွားမှာလဲ မှတ်ပုံတင်မရှိလဲ ကိစ္စမရှိပါဘူး" ဆိုတဲ့ လူတစ်ချို့ရဲ့ ဆုံးဖြတ်ချက်ကြောင့် ကျွန်တော်ငယ်ငယ်က မှတ်ပုံတင်မရခဲ့ဘူး။ အခုမဲပေးချိန် ရောက်တော့မှ မှတ်ပုံတင်မရှိလို့ မဲပေးခွင့်ဆုံးရှုံးရပြီ။






၂၀၁၁ခုနှစ်တုန်းက နိုင်ငံရေးပါတီတစ်ခုရဲ့ ဟောပြောပွဲကို စိတ်ဝင်စားလို့ သွားတက်ခဲ့တယ်။ ဒါပေမယ့် နား မကြားသူကျမအတွက် ဘာသတင်းအချက်အလက်မှ ကြားသိခွင့်မရခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီဟောပြောပွဲမှာ လက်သင်္ကေတပြ ဘာသာပြန်လဲ မစီစဉ်ပေးထားဘူး။ ပါတီရဲ့ သဘောထားနဲ့ ဟောပြောချက်တွေကို စာရွက်နဲ့ရေးပြီး ဝေတာလဲမရှိတော့ ကျမလိုပဲ အခြားနားမကြားတဲ့ သူတွေနဲ့ နားလေးတဲ့ သူတွေလဲ ဒုက္ခရောက်ကြရတယ်။



မသန်စွမ်းသူတွေဟာ ကြိုတင်မဲကိုပဲ ပေးရမယ်လို့ ဥပဒေမှာ ပြဋ္ဌာန်းမထားပါဘူး။ မသန်စွမ်းသူဖြစ်လို့ ကြိုတင်မဲကိုပဲ ပေးပါဆိုရင်လဲ မမှန်ပါဘူး။ ဆန္ဒရှိရင် ကိုယ်တိုင်သွားပြီးမဲရုံမှာ ကိုယ်တိုင်မဲပေးခွင့်ရှိပါတယ်။

# နိုင်ငံတကာမှ အတုယူဖွယ်ဥပမာများ

## ကိုဆိုဗိုနိုင်ငံ၏ အတုယူဖွယ်ရာ နမူနာ



မြို့တော်နှင့်ဒေသန္တရအထွေထွေရွေးကောက်ပွဲများတွင် မျက်မမြင်များ လျှို့ဝှက်မဲပေးနိုင်သည့် မဲလက်မှတ်များ သုံးစွဲလာရန် မျက်မမြင် အဖွဲ့အစည်းများမှ ရွေးကောက်ပွဲကော်မရှင်အား အနီးကပ် အကူအညီပေးခဲ့သည်။

## ဖိလစ်ပိုင်နိုင်ငံ၏ အတုယူဖွယ်ရာ နမူနာ




ဖိလစ်ပိုင်နိုင်ငံ၏ဗဟိုရွေးကောက်ပွဲကော်မရှင်အဖွဲ့တွင် အဖွဲ့ဝင် (၇)ဦးရှိသည့်အနက်တစ်ဦးမှာ မသန်စွမ်းသူဖြစ်သည်ကို တွေ့ရှိရစဉ်။ ယင်း (၇) ဦးကို ဖိလစ်ပိုင်သမ္မတက ရွေးချယ်ခန့်အပ်ခြင်း ဖြစ်သည်။

**နယူးဇီလန်နိုင်ငံ၏ အတုယူဖွယ်ရာ နမူနာ**



မဲစာရင်းပေးခြင်း၊ မဲသွားထည့်ခြင်းနှင့်ပါတ်သက်၍ ဉာဏ်ရည် မသန်စွမ်းသူများ အလွယ်တကူ နားလည် သိရှိနိုင်ရန် အဆင်ပြေသော ပုံစံများ စီစဉ်ထားပေးခြင်း၊

**အင်ဒိုနီးရှားနိုင်ငံ၏ အတုယူဖွယ်ရာ နမူနာ**



## ဘာလီကြေညာချက် အမှတ်စဉ်-၇

"မသန်စွမ်းသူများသည် ပြည်နယ်/တိုင်းအဆင့်နှင့် နိုင်ငံတော် အဆင့် နှစ်ဆင့်တို့တွင် နိုင်ငံရေးအရတန်းတူဖြစ်မှုအပြင် ရွေးကောက် တင်မြှောက်ပွဲများတွင် ဦးဆောင်ခွင့်၊ ပါလီမန်အမတ်များအဖြစ် ပါဝင်ခွင့် တို့အတွက် လိုအပ်သည့် ထောက်ပံ့မှုများ၊ နိုင်ငံရေးလုပ်ငန်းအစီအစဉ်များ တွင် ပါဝင်ခွင့်ရရှိမှုများ အပါအဝင် ဖွံ့ဖြိုးရေးကဏ္ဍအားလုံးတွင် ပါဝင်ခွင့် ရရှိရေး တိုက်တွန်းဆောင်ရွက်ရန်"။

မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့

(Myanmar Independent Living Initiative-MILI)


(ရုံးချုပ်လိပ်စာ)

အမှတ်(၁၇)၊ သာယာအေးလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၉-၄၅၀၀ ၆၇၂၄၇၊ ၀၁-၆၆၁၉၆၉၊ ၀၁-၉၆၆၉၁၃၃

gmail : info.myanmarili@gmail.com

Website : www.mili.org.mm

facebook : facebook.com/myanmarili2015